| | | | | | | | | | | | IDA | L $၈၇၃,၃၄၄.၈၅ |
| | | -Kfw အထောက်အပံ့ဖြင့် နည်းပညာအကူအညီအတွက် သမဝါယမဘဏ်သို့ ထောက်ပံ့ခြင်း | ၅၉၆.၅၂၂ | | | ၅၉၆.၅၂၂ | | | | | Kfw | G $၄၃၈,၆၁၉.၁၂ |
| | | -Kfw အထောက်အပံ့ဖြင့် နည်းပညာအကူအညီအတွက် သမဝါယမဘဏ်သို့ ထုတ်ချေးငွေများ | | | ၂,၄၈၅.၂၀၀ | ၂,၄၈၅.၂၀၀ | | | | | Kfw | G $၁,၈၂၇,၃၅၂.၅၇ |
| | | - မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ထုတ်ချေးခြင်း | | | | | | | ၆၆,၃၈၀.၇၉၈ | ၆၆,၃၈၀.၇၉၈ | JICA | L $၄၈,၈၀၉,၄၁၀ |
| | | -Budget Support အတွက် European United ထောက်ပံ့ငွေ ပေးအပ်ခြင်း | ၅၄,၉၅၀.၀၀၀ | | | ၅၄,၉၅၀.၀၀၀ | | | | | European | G $၄၀,၄၀၄,၄၁၁.၇၆ |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့်

ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့်အဖွဲ့အစည်းအမည် | နိုင်ငံခြားငွေ ငွေရေးပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | ၈။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | | | | | | | ၂,၀၄၀.၀၀၀ | | ၂,၀၄၀.၀၀၀ | | $၁,၅၀၀,၀၀၀ |
| | | -ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် FSDP စီမံကိန်း | | | | | | ၂,၀၄၀.၀၀၀ | | ၂,၀၄၀.၀၀၀ | World Bank | L $၁,၅၀၀,၀၀၀ |
| | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | | ၃၄၃.၆၀၈ | ၉,၀၉၄.၇၇၇ | | ၉,၄၃၈.၃၈၅ | ၆,၃၇၇.၅၇၂ | ၁၃,၆၄၂.၁၆၅ | ၁၃၂,၀၇၅.၃၆၀ | ၁၅၂,၀၉၅.၀၉၇ | | $၁၁၈,၇၇၄,၆၁၉ |
| | | | | | | | | | | | | L $၁၁၁,၈၃၄,၆၃၀ |
| | | | | | | | | | | | | G $၆,၉၃၉,၉၈၉ |
| | ၁။ မြန်မာ့စီးပွားရေးဘဏ် | | ၃၄၃.၆၀၈ | ၉,၀၉၄.၇၇၇ | | ၉,၄၃၈.၃၈၅ | ၅,၈၇၇.၅၇၂ | ၁၃,၆၄၂.၁၆၅ | ၁၃၂,၀၇၅.၃၆၀ | ၁၅၁,၅၉၅.၀၉၇ | | $၁၁၈,၄၀၆,၉၇၂ |
| | | -Core Banking Solution ဆောင်ရွက်ရန် | ၃၄၃.၆၀၈ | ၉,၀၉၄.၇၇၇ | | ၉,၄၃၈.၃၈၅ | ၅၁၅.၄၁၃ | ၁၃,၆၄၂.၁၆၅ | | ၁၄,၁၅၇.၅၇၈ | ကမ္ဘာ့ဘဏ် | L $၁၀,၄၀၉,၉၈၄ |
| | | | | | | | | | | | | G $၆,၉၃၉,၉၈၉ |
| | | -SME Loan နှင့် Housing Loan ဆောင်ရွက်ရန် | | | | | ၄,၀၀၂.၁၅၉ | | ၁၃၂,၀၇၅.၃၆၀ | ၁၃၆,၀၇၇.၅၁၉ | JICA | L $၁၀၀,၀၅၆,၉၉၉ |
| | | -မြန်မာနိုင်ငံငွေကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Financial Sector Development Project (FSDP) | | | | | ၁,၃၆၀.၀၀၀ | | | ၁,၃၆၀.၀၀၀ | ကမ္ဘာ့ဘဏ် | L $၁,၀၀၀,၀၀၀ |
| | ၂။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | | | | | | ၅၀၀.၀၀၀ | | | ၅၀၀.၀၀၀ | | $၃၆၇,၆၄၇ |
| | | -မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Financial Sector Development Project (FSDP) | | | | | ၅၀၀.၀၀၀ | | | ၅၀၀.၀၀၀ | ကမ္ဘာ့ဘဏ် | L $၃၆၇,၆၄၇ |
| ၁၅ | ဆောက်လုပ်ရေး | | ၇၇၀.၉၅၈ | ၃၅,၅၇၀.၁၃၇ | | ၃၆,၂၆၁.၀၉၅ | | ၃၉၈,၈၇၁.၉၂၄ | | ၃၉၈,၈၇၁.၉၂၄ | | $၃၁၉,၉၅၀,၇၄၉ |
| | | | | | | | | | | | | L $၂၉၃,၂၈၈,၁၇၉ |
| | | | | | | | | | | | | G $၂၆,၆၆၂,၅၇၀ |
| | ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | ၇၇၀.၉၅၈ | ၃၅,၅၇၀.၁၃၇ | | ၃၆,၂၆၁.၀၉၅ | | ၃၉၈,၈၇၁.၉၂၄ | | ၃၉၈,၈၇၁.၉၂၄ | | $၃၁၉,၉၅၀,၇၄၉ |
| | ၁။ လမ်းဦးစီးဌာန | | | ၁,၂၁၅.၀၀၀ | | ၁,၂၁၅.၀၀၀ | | ၁၉၆,၃၅၉.၂၃၉ | | ၁၉၆,၃၅၉.၂၃၉ | | $၁၄၅,၂၇၅,၁၇၆ |
| | | ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ | | ၁,၂၁၅.၀၀၀ | | ၁,၂၁၅.၀၀၀ | | | | | | $၈၉၃,၃၈၃ |
| | | အခြား | | ၁,၂၁၅.၀၀၀ | | ၁,၂၁၅.၀၀၀ | | | | | | $၈၉၃,၃၈၃ |
| | | -Improvement of Road Construction and Maintenance Equipment in Ayerarwaddy Region and Mon State အတွက် Cosultant Fee ပေးချေရန် | | ၁,၂၁၅.၀၀၀ | | ၁,၂၁၅.၀၀၀ | | | | | ဂျပန် | G $၈၉၃,၃၈၃ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့်အဖွဲ့အစည်းအမည် | နိုင်ငံခြားငွေငွေရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ | | | | | | ၁၉၆,၃၅၉.၂၁၉ | | ၁၉၆,၃၅၉.၂၁၉ | | L $၁၄၄,၃၈၁,၇၉၃ |
| | | ဆောက်လုပ်ရေး | | | | | | ၁၈၁,၉၃၀.၇၁၃ | | ၁၈၁,၉၃၀.၇၁၃ | | $၁၃၃,၇၇၂,၅၈၃ |
| | | -မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း | | | | | | ၉,၃၁၄.၀၀၀ | | ၉,၃၁၄.၀၀၀ | JICA | L $၆,၈၄၈,၅၂၉ |
| | | -ငါးသိုင်းချောင်း-ဂွ- သံတွဲလမ်း | | | | | | ၁၈,၄၄၁.၀၀၀ | | ၁၈,၄၄၁.၀၀၀ | JICA | L $၁၃,၅၅၉,၅၅၉ |
| | | -ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း | | | | | | ၅,၆၆၂.၁၆၀ | | ၅,၆၆၂.၁၆၀ | World Bank | L $၄,၁၆၃,၃၅၄ |
| | | -အောင်မြင်(ဂန့်ဂေါ)-အိုက္ကားလမ်း(ဂန့်ဂေါ-အိုက္ကားလမ်း) | | | | | | ၂,၇၁၄.၀၀၀ | | ၂,၇၁၄.၀၀၀ | JICA | L $၁,၉၉၅,၅၈၈ |
| | | -ဒိုက်ဦး-စစ်တောင်းလမ်း | | | | | | ၅,၁၀၈.၈၈၄ | | ၅,၁၀၈.၈၈၄ | JICA | L $၃,၇၅၆,၅၃၂ |
| | | -တရနာ-ဘုရားကုန်းလမ်း | | | | | | ၃၁၃.၀၁၅ | | ၃၁၃.၀၁၅ | JICA | L $၂၃၀,၁၅၈ |
| | | -မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း | | | | | | ၁,၁၁၈.၉၂၃ | | ၁,၁၁၈.၉၂၃ | ADB | L $၈၂၂,၇၃၈ |
| | | -ကျောက်ပန္တု-အင်းဒင်-စေတီပြင် တောင်ကျော်လမ်း | | | | | | ၅,၉၂၂.၀၀၀ | | ၅,၉၂၂.၀၀၀ | JICA | L $၄,၃၅၄,၄၁၂ |
| | | -မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း | | | | | | ၁၀၀.၀၀၀ | | ၁၀၀.၀၀၀ | JICA | L $၇၃,၅၂၉ |
| | | -တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း | | | | | | ၈၅.၇၀၉ | | ၈၅.၇၀၉ | JICA | L $၆၃,၀၂၁ |
| | | -တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း | | | | | | ၂၄,၉၄၅.၀၀၀ | | ၂၄,၉၄၅.၀၀၀ | JICA | L $၁၈,၃၄၁,၉၁၂ |
| | | -သိုင်းငင်း-တီးတိန်လမ်း | | | | | | ၁၅၆.၃၈၆ | | ၁၅၆.၃၈၆ | JICA | L $၁၁၄,၉၉၀ |
| | | -ရန်ကုန်-မန္တလေးအမြန်လမ်း | | | | | | ၂၀,၀၀၀.၀၀၀ | | ၂၀,၀၀၀.၀၀၀ | ADB | L $၁၄,၇၀၅,၈၈၂ |
| | | -ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်း | | | | | | ၄,၂၀၄.၀၀၀ | | ၄,၂၀၄.၀၀၀ | JICA | L $၃,၀၉၁,၁၇၇ |
| | | -အိန္ဒူ-ကော့ကရိတ်လမ်း | | | | | | ၂၈,၃၅၃.၇၀၄ | | ၂၈,၃၅၃.၇၀၄ | ADB | L $၂၀,၈၄၈,၃၁၂ |
| | | -ကလေး-ဖလမ်း-ဟားခါးလမ်း | | | | | | ၁၆၆.၉၃၁ | | ၁၆၆.၉၃၁ | JICA | L $၁၂၂,၇၄၃ |
| | | -ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း | | | | | | ၂၀,၀၀၀.၀၀၀ | | ၂၀,၀၀၀.၀၀၀ | ADB | L $၁၄,၇၀၅,၈၈၂ |
| | | -သန်လျင်-သီလဝါလမ်းမကြီး | | | | | | ၂၃,၉၆၅.၀၀၀ | | ၂၃,၉၆၅.၀၀၀ | JICA | L $၁၇,၆၂၀,၃၂၄ |
| | | -ရန်ကုန်-ပုသိမ်လမ်း | | | | | | ၁၀,၀၀၀.၀၀၀ | | ၁၀,၀၀၀.၀၀၀ | ADB | L $၇,၃၅၂,၉၄၁ |
| | | -ထားဝယ်-ထီးခီးလမ်း | | | | | | ၁,၃၆၀.၀၀၀ | | ၁,၃၆၀.၀၀၀ | NEDA | L $၁,၀၀၀,၀၀၀ |
| | | စက်ပစ္စည်း | | | | | | ၁,၀၈၅.၅၆၆ | | ၁,၀၈၅.၅၆၆ | | $၇၉၈,၂၁၀ |
| | | -World Bank ချေးငွေဖြင့် ဆောင်ရွက်မည့် လမ်းများအတွက် စက်ပစ္စည်းဝယ်ယူရန် | | | | | | ၁၅.၇၀၀ | | ၁၅.၇၀၀ | World Bank | L $၁၁,၅၄၄ |
| | | -မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းအတွက် စက်ပစ္စည်းများဝယ်ယူရန် | | | | | | ၁,၀၆၉.၈၆၆ | | ၁,၀၆၉.၈၆၆ | ADB | L $၇၈၆,၆၆၆ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့် အဖွဲ့အစည်း အမည် | နိုင်ငံခြားငွေ ငွေရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | အခြား | | | | | | ၁၃,၃၄၂.၉၆၀ | | ၁၃,၃၄၂.၉၆၀ | | L $၉,၈၁၁,၀၀၀ |
| | | -JICA (MYP-1) ချေးငွေဖြင့် ဆောင်ရွက်သည့် လမ်းများအတွက် Consultant Fee ပေးချေရန် | | | | | | ၄၀၅.၀၀၀ | | ၄၀၅.၀၀၀ | JICA | L $၂၉၇.၇၉၄ |
| | | -JICA (MYP-6) ချေးငွေဖြင့်ဆောင်ရွက်သည့် သန်လျင်-သီလဝါ လမ်းမကြီးအတွက် Consultant Fee ပေးချေရန် | | | | | | ၉၆၃.၅၀၀ | | ၉၆၃.၅၀၀ | JICA | L $၇၀၈,၄၅၆ |
| | | -မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းအတွက် Consultant Fee ပေးချေရန် | | | | | | ၉၆၄.၈၃၇ | | ၉၆၄.၈၃၇ | ADB | L $၇၀၉.၄၃၉ |
| | | -မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းအဆင့် မြင့်တင်ရေးစီမံကိန်း (ADB Loan)ဖြင့် Mobilization of Staff to support for installation, calibration and training cost for return travel to the site. | | | | | | ၂၅၃.၄၉၆ | | ၂၅၃.၄၉၆ | ADB | L $၁၈၆,၃၉၄ |
| | | -အိန္ဒု-ကော့ကရိတ်လမ်းအတွက် Consultant Fee ပေးချေရန် | | | | | | ၁,၆၅၅.၃၃၈ | | ၁,၆၅၅.၃၃၈ | ADF | L $၁,၂၁၇,၁၆၀ |
| | | -အိန္ဒု-ကော့ကရိတ်လမ်းအတွက် Consultant Fee ပေးချေရန် | | | | | | ၃၃၁.၈၆၂ | | ၃၃၁.၈၆၂ | AIF | L $၂၄၄,၀၁၇ |
| | | -World Bank Loan ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအတွက် Consultant Fee ပေးချေရန် | | | | | | ၄,၈၆၈.၉၂၇ | | ၄,၈၆၈.၉၂၇ | World Bank | L $၃,၅၈၀.၀၉၃ |
| | | -JICA (MYP-17) ချေးငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ အတွက် Consultant Fee ပေးချေရန် | | | | | | ၃,၉၀၀.၀၀၀ | | ၃,၉၀၀.၀၀၀ | JICA | L $၂,၈၆၇,၆၄၇ |
| | ၂။ တံတားဦးစီးဌာန | | | ၄,၇၅၅.၉၈၈ | | ၄,၇၅၅.၉၈၈ | | ၁၇၈,၄၅၅.၂၅၀ | | ၁၇၈,၄၅၅.၂၅၀ | | $၁၃၄,၇၁၄,၁၄၆ |
| | | ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ | | ၄,၇၅၅.၉၈၈ | | ၄,၇၅၅.၉၈၈ | | | | | | $၃,၄၉၇,၀၅၀ |
| | | ဆောက်လုပ်ရေး | | ၄,၂၀၀.၀၀၀ | | ၄,၂၀၀.၀၀၀ | | | | | | $၃,၀၈၈,၂၃၅ |
| | | -သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းပေါ်ရှိ ကွမ်းလုံကြိုးတံတား | | ၄,၂၀၀.၀၀၀ | | ၄,၂၀၀.၀၀၀ | | | | | တရုတ် | G $၃,၀၈၈,၂၃၅ |
| | | စက်ပစ္စည်း | | ၅၀၅.၄၄၅ | | ၅၀၅.၄၄၅ | | | | | | $၃၇၁,၆၅၁ |
| | | -စစ်ကိုင်းတိုင်းဒေသကြီးတွင် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုး တိုးတက်မှု စီမံချက်အတွက် စက်ပစ္စည်းများဝယ်ယူရန် | | ၅၀၅.၄၄၅ | | ၅၀၅.၄၄၅ | | | | | JICA | G $၃၇၁,၆၅၁ |
| | | အခြား | | ၅၀.၅၄၃ | | ၅၀.၅၄၃ | | | | | | $၃၇,၁၆၄ |
| | | -သာကေတတံတားတည်ဆောက်ရေးစီမံကိန်းအတွက် Consultant Fee ပေးချေရန် | | ၂၀.၀၀၀ | | ၂၀.၀၀၀ | | | | | JICA | G $၁၄,၇၀၆ |
| | | -စစ်ကိုင်းတိုင်းဒေသကြီးတွင် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်အတွက် တည်ဆောက်ရေးလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်းအတွက် Agent Fee ပေးချေရန် | | ၃၀.၅၄၃ | | ၃၀.၅၄၃ | | | | | JICA | G $၂၂,၄၅၈ |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့်
ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့်အဖွဲ့အစည်းအမည် | နိုင်ငံခြားငွေငွေရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ | | | | | | ၁၇၈,၄၅၅.၂၅၀ | | ၁၇၈,၄၅၅.၂၅၀ | | $၁၃၁,၂၁၇,၀၉၆ |
| | | ဆောက်လုပ်ရေး | | | | | | ၁၆၁,၅၂၀.၀၀၀ | | ၁၆၁,၅၂၀.၀၀၀ | | $၁၁၈,၇၆၄,၇၀၆ |
| | | -ဒလတံတား(မြန်မာ-ကိုရီးယားချစ်ကြည်ရေးတံတား) | | | | | | ၆၀,၀၃၀.၀၀၀ | | ၆၀,၀၃၀.၀၀၀ | EDCF | L $၄၄,၁၃၉,၇၀၆ |
| | | -ပဲခူးမြစ်ကူးတံတားအမှတ်(၃) | | | | | | ၆၀,၁၅၅.၀၀၀ | | ၆၀,၁၅၅.၀၀၀ | JICA | L $၄၄,၂၃၁,၆၁၈ |
| | | -ဂျိုင်း(ကော့ကရိတ်)တံတား | | | | | | ၄၁,၃၃၅.၀၀၀ | | ၄၁,၃၃၅.၀၀၀ | JICA | L $၃၀,၃၉၃,၃၈၂ |
| | | စက်ပစ္စည်း | | | | | | ၅,၈၈၇.၅၀၀ | | ၅,၈၈၇.၅၀၀ | | $၄,၃၂၉,၀၄၄ |
| | | -ကင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းအတွက် သံပေါင် ဝယ်ယူခြင်း | | | | | | ၅,၈၈၇.၅၀၀ | | ၅,၈၈၇.၅၀၀ | ဩစတြီးယား | L $၄,၃၂၉,၀၄၄ |
| | | အခြား | | | | | | ၁၁,၀၄၇.၇၅၀ | | ၁၁,၀၄၇.၇၅၀ | | $၈,၁၂၃,၃၄၆ |
| | | -ဒလတံတား(မြန်မာ-ကိုရီးယားချစ်ကြည်ရေးတံတား)အတွက် Consultant Fee ပေးချေရန် | | | | | | ၂,၂၀၂.၀၀၀ | | ၂,၂၀၂.၀၀၀ | EDCF | L $၁,၆၁၉,၁၁၈ |
| | | -ဂျိုင်း (ကော့ကရိတ်)တံတားအတွက် Consultant Fee ပေးချေရန် နှင့် စီမံခန့်ခွဲစရိတ် | | | | | | ၅,၁၆၃.၇၅၀ | | ၅,၁၆၃.၇၅၀ | JICA | L $၃,၇၉၆,၈၇၅ |
| | | -ဂျိုင်း(ဇာသပြင်)တံတားအတွက် Consultant Fee ပေးချေရန်နှင့် စီမံခန့်ခွဲစရိတ် | | | | | | ၆.၀၀၀ | | ၆.၀၀၀ | JICA | L $၄,၄၁၂ |
| | | -အတ္တရံမြစ်ကူးတံတားအတွက် Consultant Fee ပေးချေရန်နှင့် စီမံခန့်ခွဲစရိတ် | | | | | | ၆.၀၀၀ | | ၆.၀၀၀ | JICA | L $၄,၄၁၂ |
| | | -ပဲခူးမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းအတွက် Consultant Fee ပေးချေရန် | | | | | | ၃,၆၇၀.၀၀၀ | | ၃,၆၇၀.၀၀၀ | JICA | L $၂,၆၉၈,၅၂၉ |
| | ၃။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန | | | ၂,၃၁၂.၀၀၀ | | ၂,၃၁၂.၀၀၀ | | | | | | $၁,၇၀၀,၀၀၀ |
| | | ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ | | ၂,၃၁၂.၀၀၀ | | ၂,၃၁၂.၀၀၀ | | | | | | $၁,၇၀၀,၀၀၀ |
| | | အခြား | | ၂,၃၁၂.၀၀၀ | | ၂,၃၁၂.၀၀၀ | | | | | | $၁,၇၀၀,၀၀၀ |
| | | -ProPoor Community Infrastructure and Basic Service | | ၂,၃၁၂.၀၀၀ | | ၂,၃၁၂.၀၀၀ | | | | | ADB | G $၁,၇၀၀,၀၀၀ |

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့်
ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့်အဖွဲ့အစည်းအမည် | | နိုင်ငံခြားငွေ ငွေရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | | ၁၃ |
| | ၄။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၇၃၀.၉၅၈ | ၂၃,၂၄၇.၁၄၉ | | ၂၃,၉၇၈.၁၀၇ | | ၂၄,၀၅၇.၄၃၅ | | ၂၄,၀၅၇.၄၃၅ | | | $၃၈,၂၆၁,၄၂၇ |
| | | ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ | ၇၃၀.၉၅၈ | ၂၃,၂၄၇.၁၄၉ | | ၂၃,၉၇၈.၁၀၇ | | | | | | | $၂၀,၅၇၂,၁၃၇ |
| | | -ကျေးလက်လမ်းသုတေသနစီမံကိန်း | ၇၃၀.၉၅၈ | | | ၇၃၀.၉၅၈ | | | | | ReCAP | G | $၅၃၇,၄၆၉ |
| | | ဆောက်လုပ်ရေး | | ၂၅,၆၀၂.၄၆၃ | | ၂၅,၆၀၂.၄၆၃ | | | | | | | $၁၈,၈၂၅,၃၄၀ |
| | | -ကျေးလက်လမ်းပြန်လည်ထူထောင်ရေးစီမံကိန်း | | ၇,၁၈၂.၅၇၂ | | ၇,၁၈၂.၅၇၂ | | | | | KFW | G | $၅,၂၈၀,၃၀၃ |
| | | -ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်(၁) အပိုင်း ၂ နှင့် ၃ | | ၅,၃၄၈.၀၇၁ | | ၅,၃၄၈.၀၇၁ | | | | | KFW | G | $၃,၉၃၂,၄၀၅ |
| | | -ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်(၂) အပိုင်း ၄ နှင့် ၅ | | ၁၃,၀၇၁.၈၂၀ | | ၁၃,၀၇၁.၈၂၀ | | | | | KFW | G | $၉,၆၁၁,၆၃၂ |
| | | အခြား | | ၁,၆၄၄.၆၈၆ | | ၁,၆၄၄.၆၈၆ | | | | | | | $၁,၂၀၉,၃၂၈ |
| | | -ကျေးလက်လမ်းပြန်လည်ထူထောင်ရေးစီမံကိန်းအတွက် Consultant Fee ပေးချေရန် | | ၅၁၃.၃၄၈ | | ၅၁၃.၃၄၈ | | | | | KFW | G | $၃၇၇,၄၆၂ |
| | | -ကျေးလက်လမ်းဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ် (၁)အပိုင်း ၂ နှင့် ၃ အတွက် Consultant စရိတ်ပေးချေရန် | | ၈၀၄.၄၆၄ | | ၈၀၄.၄၆၄ | | | | | KFW | G | $၅၉၁,၅၁၈ |
| | | -ကျေးလက်လမ်းဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ် (၂)အပိုင်း ၄ နှင့် ၅ အတွက် Consultant စရိတ်ပေးချေရန် | | ၃၂၆.၈၇၄ | | ၃၂၆.၈၇၄ | | | | | KFW | G | $၂၄၀,၃၄၈ |
| | | ပြည်ပချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ | | | | | | ၂၄,၀၅၇.၄၃၅ | | ၂၄,၀၅၇.၄၃၅ | | | $၁၇,၆၈၉,၂၉၀ |
| | | ဆောက်လုပ်ရေး | | | | | | ၁၇,၈၃၁.၃၁၅ | | ၁၇,၈၃၁.၃၁၅ | | | $၁၃,၁၁၁,၂၆၁ |
| | | -ရေကြီးရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေး စီမံကိန်း | | | | | | ၁၇,၃၂၉.၅၂၀ | | ၁၇,၃၂၉.၅၂၀ | World Bank | L | $၁၂,၇၄၂,၂၉၄ |
| | | -စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း ကျေးလက်လမ်း၊ တံတား လုပ်ငန်းများအတွက် Topographic and Geological Surveys လုပ်ငန်းများဆောင်ရွက်ခြင်း | | | | | | ၅၀၁.၇၉၅ | | ၅၀၁.၇၉၅ | JICA | L | $၃၆၈,၉၆၇ |
| | | စက်ပစ္စည်း | | | | | | ၄,၄၆၄.၂၀၀ | | ၄,၄၆၄.၂၀၀ | | | $၃,၂၈၂,၅၀၀ |
| | | -လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးပစ္စည်းများ ဝယ်ယူခြင်းနှင့် စီမံကိန်းအထောက်အကူပြုယာဉ်ရားများဝယ်ယူခြင်း | | | | | | ၄,၄၆၄.၂၀၀ | | ၄,၄၆၄.၂၀၀ | World Bank | L | $၃,၂၈၂,၅၀၀ |
| | | အခြား | | | | | | ၁,၇၆၁.၉၂၀ | | ၁,၇၆၁.၉၂၀ | | | $၁,၂၉၅,၅၂၉ |
| | | -ရေကြီးရေလျှံနှင့်မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည် ထူထောင်ရေး စီမံကိန်းအတွက် Consultant Fee ပေးချေရန် | | | | | | ၁,၇၆၁.၉၂၀ | | ၁,၇၆၁.၉၂၀ | World Bank | L | $၁,၂၉၅,၅၂၉ |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့်
ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့်အဖွဲ့အစည်းအမည် | နိုင်ငံခြားငွေငွေရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁၆ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | ၅,၃၂၄.၅၈၂ | ၁၁,၀၉၀.၀၀၀ | | ၁၆,၈၁၄.၅၈၂ | | | | | | အမေရိကန်ဒေါ်လာ ဂျပန်ယန်းနှင့် မြန်မာကျပ်ငွေဖြင့် ထောက်ပံ့ခြင်း |
| | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | ၅,၃၂၄.၅၈၂ | ၁၁,၀၉၀.၀၀၀ | | ၁၆,၈၁၄.၅၈၂ | | | | | | |
| | ၁။လူမှုဝန်ထမ်းဦးစီးဌာန | | ၅,၁၃၉.၃၃၂ | | | ၅,၁၃၉.၃၃၂ | | | | | | |
| | | -လူငယ်လုပ်ငန်းနှင့်ကလေးသူငယ်စောင့်ရှောက်ရေးနှင့်လူမှုဂရုဏာ စောင့်ရှောက်ရေးတို့အတွက် သုံးစွဲခြင်း | ၂၀၇.၂၀၀ | | | ၂၀၇.၂၀၀ | | | | | UNICEF, | ကျပ်ငွေဖြင့်ထောက်ပံ့ခြင်း |
| | | | ၂၀၄.၀၅၇ | | | ၂၀၄.၀၅၇ | | | | | UNFPA | ကျပ်ငွေဖြင့်ထောက်ပံ့ခြင်း |
| | | | ၅၀၀.၀၀၀ | | | ၅၀၀.၀၀၀ | | | | | World Bank | ကျပ်ငွေဖြင့်ထောက်ပံ့ခြင်း |
| | | | ၄,၆၂၈.၄၇၅ | | | ၄,၆၂၈.၄၇၅ | | | | | LIFT | ကျပ်ငွေဖြင့်ထောက်ပံ့ခြင်း |
| | ၂။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန | | ၁၃.၆၀၀ | ၁၁,၀၉၀.၀၀၀ | | ၁၁,၁၀၃.၆၀၀ | | | | | | |
| | | -The Public Financial Management (PFM) Team အတွက် သုံးစွဲခြင်း | ၁၃.၆၀၀ | | | ၁၃.၆၀၀ | | | | | UNICEF, | G $၁၀,၀၀၀ |
| | | -ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်စဉ်များကြောင့်နေရပ်စွန့်ခွာပြည်သူ များအတွက် ပြန်လည်လက်ခံရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်း များဆောင်ရွက်ရာတွင် အရေးပေါ်အသုံးပြုရန် | | ၄,၂၉၀.၀၀၀ | | ၄,၂၉၀.၀၀၀ | | | | | ဂျပန်နိုင်ငံ | ဂျပန်ယန်း ၃၃၀ သန်း |
| | | - ရခိုင်ပြည်နယ်အတွင်း အခြေခံအဆောက်အဦနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့အဖြစ် အိမ်အလုံး (၂၅၀) ဆောက်လုပ်ရန် | | ၆,၈၀၀.၀၀၀ | | ၆,၈၀၀.၀၀၀ | | | | | အိန္ဒိယနိုင်ငံ | အမေရိကန်ဒေါ်လာ ၅ သန်း |
| | ၃။ ပြန်လည်ထူထောင်ရေးဦးစီးဌာန | | ၁၇၁.၂၅၀ | | | ၁၇၁.၂၅၀ | | | | | | |
| | | -လူငယ်လုပ်ငန်းနှင့်ကလေးသူငယ်စောင့်ရှောက်ရေးနှင့်လူမှုဂရုဏာ စောင့်ရှောက်ရေးတို့အတွက် သုံးစွဲခြင်း | ၁၇၁.၂၅၀ | | | ၁၇၁.၂၅၀ | | | | | UNICEF, | ကျပ်ငွေဖြင့်ထောက်ပံ့ခြင်း |
| ၁၇ | ဟိုတယ်နှင့်ခရီးသွားလာရေး | | ၃,၀၀၅.၂၃၄ | ၆၄.၆၀၀ | | ၃,၀၆၉.၈၃၄ | | | | | | G $၂,၂၅၇,၂၃၀.၈၂ |
| | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | ၃,၀၀၅.၂၃၄ | ၆၄.၆၀၀ | | ၃,၀၆၉.၈၃၄ | | | | | | $၂,၂၅၇,၂၃၀.၈၂ |
| | ၁။ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန | | ၃,၀၀၅.၂၃၄ | ၆၄.၆၀၀ | | ၃,၀၆၉.၈၃၄ | | | | | | $၂,၂၅၇,၂၃၀.၈၂ |
| | | - အရှေ့အနောက်စီးပွားရေးလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေး လုပ်ဆောင်မှု စွမ်းရည်မြှင့်တင်ရေးစီမံကိန်း | ၄၉၃.၂၃၄ | ၆၄.၆၀၀ | | ၅၅၇.၈၃၄ | | | | | ADB | G $၄၁၀,၁၇၂ |
| | | -လူဇင်ဘတ်နိုင်ငံ Luxembourg Agency For Development Cooperation-Lux Dev ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၂,၅၁၂.၀၀၀ | | | ၂,၅၁၂.၀၀၀ | | | | | Lux Dev | G $၁,၈၄၇,၀၅၈.၈၂ |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့်
ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့်အဖွဲ့အစည်းအမည် | နိုင်ငံခြားငွေ ငွေရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | | ၂၇.၂၅၂.၄၅၀ | | ၂၇.၂၅၂.၄၅၀ | ၁,၂၇၉.၇၆၀ | ၁၄,၃၃၁.၂၀၀ | | ၁၅,၆၁၀.၉၆၀ | | $၃၁,၅၁၇,၂၁၃ |
| | | | -ကမ္ဘာ့ဘဏ်ချေးငွေဖြင့်မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ကျခံသုံးစွဲရန် | | | | | ၁,၂၇၉.၇၆၀ | ၁၄,၃၃၁.၂၀၀ | | ၁၅,၆၁၀.၉၆၀ | World Bank | L $၁၁,၄၇၈,၆၄၇ |
| | | | -JICA Grant -Aid Project | | ၂၇၂၅၂.၄၅၀ | | ၂၇.၂၅၂.၄၅၀ | | | | | JICA | G $၂၀,၀၃၈,၅၆၆ |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | | | | | | | ၁၅၆,၃၉၉.၇၄၈ | | ၁၅၆,၃၉၉.၇၄၈ | | L $၁၁၄,၉၉၉,၈၁၄ |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | | | | | | | ၁၃၅.၂၅၃.၇၉၇ | | ၁၃၅.၂၅၃.၇၉၇ | | L $၉၉,၄၅၁,၃၂၀ |
| | | ၁။မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | | | | | | | ၁၃၅.၂၅၃.၇၉၇ | | ၁၃၅.၂၅၃.၇၉၇ | | L $၉၉,၄၅၁,၃၂၀ |
| | | | -သီလဝါဆိပ်ကမ်းမြေကွက်အမှတ်(၂၅၊၂၆)တွင် ကုန်သေတ္တာနှင့်အထွေထွေကုန်စည်ဆိပ်ကမ်းတည်ဆောက်ခြင်း (ပထမအဆင့်၊ ဒုတိယပိုင်း)နှင့် စက်ကိရိယာတန်ဆာပလာပစ္စည်းများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်းလုပ်ငန်းများနှင့်အတိုင်ပင်ခံစရိတ် | | | | | | ၁၃၅.၂၅၃.၇၉၇ | | ၁၃၅.၂၅၃.၇၉၇ | JICA | L $၉၉,၄၅၁,၃၂၀ |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင်ကော်ပိုရေးရှင်းများ | | | | | | | ၂၁,၁၄၅.၉၅၁ | | ၂၁,၁၄၅.၉၅၁ | | L $၁၅,၅၄၈,၄၉၃ |
| | | ၁။ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | | | | | | | ၁၃,၇၄၅.၉၅၈ | | ၁၃,၇၄၅.၉၅၈ | | $၁၀,၁၀၇,၃၂၂ |
| | | | -(ဓာတ်အားဖြန့်ဖြူးမှုတိုးတက်ရေးစီမံကိန်း) အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများတည်ဆောက်ရန်အတွက် ပစ္စည်းများဝယ်ယူခြင်းနှင့် Consultant ငှားရမ်းခ | | | | | | ၁,၃၂၀.၄၀၀ | | ၁,၃၂၀.၄၀၀ | ADB | L $၉၇၁,၆၁၈ |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့်
ချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များစာရင်း

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ဌာန/အဖွဲ့အစည်း | အကြောင်းအရာ | ပြည်ပအကူအညီရငွေဖြင့်သုံးစွဲခြင်း | | | | ချေးယူရငွေဖြင့်သုံးစွဲခြင်း | | | | ပေးသည့်အဖွဲ့အစည်းအမည် | နိုင်ငံခြားငွေငွေရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | -ရန်ကုန်မြို့တွင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုတိုးတက်ကောင်းမွန်ရေး စီမံကိန်းအဆင့်(၁) အတွက် ဓာတ်အားခွဲရုံများ၊ဓာတ်အားလိုင်းများနှင့် Multi Transformer များနှင့် ယန္တရားများ ဝယ်ယူတပ်ဆင် တည်ဆောက်ခြင်းနှင့် Consultant ငှားရမ်းခ | | | | | | ၉,၈၃၄.၇၆၃ | | ၉,၈၃၄.၇၆၃ | JICA (ODA) | L $၇,၂၃၁,၄၄၃ |
| | | -ရန်ကုန်တိုင်းဒေသကြီးအတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် ဓာတ်အားဖြန့်ဖြူးရန်ထရန်စဖော်မာများ၊ဓာတ်အား လိုင်းများနှင့်ဆက်စပ်ပစ္စည်းများနှင့်Consultant ငှားရမ်းခ | | | | | | ၂,၅၈၉.၇၉၅ | | ၂,၅၈၉.၇၉၅ | World Bank (IDA) | L $၁,၉၀၄,၂၆၀ |
| | ၂။မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | | | | | | ~~၇,၃၉၉.၉၉၃~~ | | ~~၇,၃၉၉.၉၉၃~~ | | ~~$၅,၄၄၁,၁၇၁~~ |
| | | - အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်အရ ဓာတ်အားလိုင်း နှင့်(၂)မိုင် ပတ်လည် ကျေးရွာများဓာတ်အားရရှိရေး | | | | | | ၅,၂၃၆.၀၃၃ | | ၅,၂၃၆.၀၃၃ | World Bank | L $၃,၈၅၀,၀၂၄ |
| | | -Regional Development Project for Poverty Reduction Phase II အရ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသောမြို့နယ်များတွင်အသုံးပြုရန်အတွက် ဓာတ်အားခွဲရုံဆောက်လုပ်ခြင်းနှင့်ဓာတ်အားလိုင်းတည်ဆောက်ခြင်း | | | | | | ၇၈၄.၈၈၀ | | ၇၈၄.၈၈၀ | JICA | L $၅၇၇,၁၁၈ |
| | | -Power Distribution System Improvement Project in Major Cities အရ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသောမြို့နယ်များတွင် အသုံးပြုရန် အတွက် ဓာတ်အားခွဲရုံဆောက်လုပ်ခြင်းနှင့်ဓာတ်အားလိုင်း တည်ဆောက်ခြင်း | | | | | | ၁၃၇၉.၀၈၀ | | ၁,၃၇၉.၀၈၀ | JICA | L $၁,၀၁၄,၀၂၉ |
| | | စုစုပေါင်း | ၂၈၄,၄၁၆.၇၃၆ | ၃၉၅,၂၇၆.၅၁၄ | ၂,၄၈၅.၂၀၀ | ၆၈၂,၁၇၈.၄၉၀ | ၅၃,၆၀၁.၈၂၆ | ၁,၉၁၈,၂၅၀.၉၅၆ | ၂၁၈,၈၅၆.၁၅၈ | ၂,၁၉၀,၇၀၈.၉၄၀ | ပြည်ပချေးငွေဖြင့် သုံးစွဲသည့်အသုံးစရိတ်<br>ပြည်ပအကူအညီရငွေဖြင့် သုံးစွဲသည့်အသုံးစရိတ် | L $၁,၆၁၀,၇၁၆,၄၃၁.၅၅<br>G $၃၈၆,၃၅၁,၈၂၀.၂၃ |

# ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း

ဥပဒေကြမ်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏
# ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၈၀ ပြည့်နှစ်၊                    ရက်

(၂၀၁၈ ခုနှစ်၊             ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း၂

## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း(၁)

## ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊

ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား (၁)၊ (၂)၊ (၃) နှင့်(၄) တို့တွင်မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း

သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့် ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း(၂)

## ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုကတာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများ ဖြင့်လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ် နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သော အခါပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက် သော်လည်းကောင်း ပြည်ပမှငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့် ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကို ဖြစ်စေဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေအခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုမှုများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့ သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းခုနစ်ဆယ့်နှစ်သိန်းထက် မပိုစေရ။

## အခန်း(၃)

## ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်း အတွက် သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရ အဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြု နိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း(၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုး ခံစားခွင့်ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆)တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များ ပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း၃

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

## အခန်း(၁)

## ရငွေများနှင့်သုံးငွေများ

၁၉။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ လက်ကျန်အခြေအနေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးနှင့် ကြွေးမြီအသုံးစရိတ်အားလုံးတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အားလုံးကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း အသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် သော်လည်းကောင်း၊ သာမန်အသုံးစရိတ် အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း အသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသန စရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံး ရင်းနှီးငွေကို မိမိတို့၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာ နိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင် ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့် အသုံးစရိတ်များမှအပ ပြည်ပသို့ ကြွေးမြီ ပြန်လည်ပေးဆပ်ရန် အသုံးစရိတ်၊ ကျန်သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား(၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း

ပြောင်းလဲပေးခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(၃) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်း တစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

## အခန်း(၃)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ဇယား(၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်း သုံးငွေနှင့် ကြွေးမြီသုံးငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြား လုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဆ)အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

## အခန်း(၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား(၉) နှင့် (၁၀) တို့တွင်မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင် ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင်ပြောင်းလဲ ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက် နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက် စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်း များတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း၄
## အရေးပေါ်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄)တွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက

မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း၅

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

